# မြန်မာ့အရေး ကမ္ဘောဒီးယားအထူးကိုယ်စားလှယ်နှင့် လုပ်နိုင်စွမ်းအကန့်အသတ်

## ဖြစ်ရပ်အချက်အလက်

မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ်အဖြစ် နိုင်ငံခြားရေးဝန်ကြီး ပရက်ဆုက်ခွန်း (Prak Sokhonn) ကို တာဝန်ပေးလိုက်ကြောင်း ၂၀၂၂ခုနှစ်မှာ အာဆီယံ အလှည့်ကျဉက္ကဌအဖြစ်တာဝန်ယူရမယ့် ကမ္ဘောဒီးယားနိုင်ငံက ဒီဇင်ဘာ ၁၅ ရက်မှာ ထုတ်ပြန်ခဲ့ပါတယ်။ အထူးကိုယ်စားလှယ်သစ် ပရက်ဆုက်ခွန်းဟာ သူ့အရင် တာဝန်ယူခဲ့တဲ့ ဘရူနိုင်း ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဒါတို အီရီ ဝမ်ယူဆော့ဖ် မလုပ်နိုင်ခဲ့တဲ့ကိစ္စ၊ အထူးသဖြင့် မြန်မာနိုင်ငံအရေးကို ဖြေရှင်းနိုင်ဖို့ အာဆီယံခေါင်းဆောင်များ ထိပ်သီး အစည်းအဝေး ဘုံသဘောတူညီချက်ငါးရပ် အထမြောက်အောင် ဆက်လက် တာဝန်ယူရမှာပါ။



ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီး ပရက်ဆုက်ခွန်းအား တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့်အတူ ၂၀၁၉ ခုနှစ် မေလက တွေ့ရစဉ် (ဓာတ်ပုံ- FLORENCE LO/POOL/AFP)

**ISP's OnPoint**

ယခုဖော်ပြသည့်
ISP’s OnPoint ကဏ္ဍတွင်
လတ်တလော ဖြစ်ပေါ်နေသော
ထူးခြားအရေးပါသည့် ဖြစ်ရပ်များနှင့်
ပတ်သက်၍ ဆီလျော်မည့်
ကနဦး သုံးသပ်ချက်များကို
ကျစ်ကျစ်လျစ်လျစ် ပိုင်းခြားရေးသားပြီး
ဖြစ်တန်ခြေများအား ISP-Myanmar က
အကဲဖြတ် ဖော်ပြသွားပါမည်။

## ကနဦးသုံးသပ်ချက်

စစ်အာဏာသိမ်းပြီး ၁၀ လကျော် ကြာလာပြီဖြစ်တဲ့ မြန်မာ့အကျပ်အတည်းမှာ ပါဝင်နေသူတွေအနေနဲ့ အခြေအနေဆိုးက ကျော်လွှားဖို့ အနိုင်-အရှုံးနဲ့ပဲဖြစ်ဖြစ်၊ ပဋိပက္ခဖြေရှင်းရေး အခြားနည်းလမ်းများနဲ့ပဲဖြစ်ဖြစ် ပြေလည်အောင် ဖြေရှင်းကြဖို့ ခက်ခဲနေသေးတာဟာ လက်ရှိနိုင်ငံရေးရဲ့ ပကတိအခြေအနေပဲ ဖြစ်ပါတယ်။ အချင်းချင်း မရှင်းနိုင်ရင် နိုင်ငံတကာရဲ့ တဖက်ဖက်လိုက်စွက်ဖက်မှု ဒါမှမဟုတ် ကြားဝင် ဖျန်ဖြေပေးမှုတွေအတွက်ရော ‘အဆင်သင့်ဖြစ်ပြီလား’ ဆိုတာ အရေးကြီးတဲ့ မေးခွန်းတရပ် ဖြစ်လာပါတယ်။ တချိန်တည်းမှာ စစ်အာဏာသိမ်းချိန်ကစလို့ ဖြစ်ခဲ့တဲ့ လူသေကြေဒဏ်ရာရမှုတွေ၊ အိုးအိမ်မြို့ရွာတွေ ပျက်စီးလို့ နေရပ်စွန့်ခွာရမှုတွေကြောင့် အရပ်သားများအပေါ် ကာကွယ်ပေးမှုဆိုင်ရာကိစ္စနဲ့ နောက်ပိုင်းမှာ ကျယ်ပြန့်လာတဲ့ စစ်မီး ပဋိပက္ခကြောင့်သာမက ကိုဗစ်-၁၉ ကပ်ဘေးလို ရောဂါဆိုးတွေကြောင့်လည်း ပြည်သူတွေမှာ လူသားချင်းစာနာမှု အကူအညီတွေ အရေးတကြီးလိုအပ်နေဆဲ ဖြစ်ပါတယ်။ နိုင်ငံရေးအကျပ်အတည်း ဝေးလို့ ဒီ အရပ်သားပြည်သူများကို အကာအကွယ်ပေးရေးနဲ့ လူသားချင်းစာနာမှု အကူအညီပေးရေး၊ သက်သာလျော့ပါးရေးအတွက်တောင် အရေးပါတဲ့ အင်အားစုတွေအကြား ဖြေရှင်းဖို့ အခြေအနေ အချိန်အခါ မရင့်မှည့်သေးဘူးလို့ မြင်နိုင်သလို၊ မြန်မာလူထုရဲ့ ယုံကြည်ကိုးစားမှုရဖို့လည်း ခက်ပါတယ်။ နိုင်ငံတကာရဲ့ ကြားဝင်မှုကလည်း ကုလသမဂ္ဂသာမက အာဆီယံ အထူးကိုယ်စားလှယ် ဘရူနိုင်း ဒုတိယနိုင်ငံခြားရေးဝန်ကြီးလည်း အောင်မြင်အောင် မစွမ်းဆောင်နိုင်ခဲ့ပါဘူး။ ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီးအနေနဲ့လည်း စိန်ခေါ်မှုတွေရင်ဆိုင်ရမှာ မလွဲကေန်ပါပဲ။ သေချာတာက ဒေသတွင်း အရေးပါတဲ့ အင်အားကြီးနိုင်ငံတွေ (တရုတ်၊ အိန္ဒိယ)၊ အာဆီယံရဲ့ ခိုင်မာတဲ့ ကျောထောက်နောက်ခံပေးမှု၊ အမေရိကန်ပြည်ထောင်စု၊ ကမ္ဘာ့ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ (EU) တို့လို အရေးပါတဲ့ ကမ္ဘာ့အင်အားစုတွေဆီက ထောက်ခံပေးမှု၊ ညှိနှိုင်းဆောင်ရွက်ပေးမှုတွေလည်း လိုအပ်ပါလိမ့်မယ်။ ပြီးခဲ့တဲ့လပိုင်းက နိုင်ငံတကာသံတမန်တွေ နေပြည်တော်ကို ဝင်ထွက်ခဲ့ကြတာ သိသိသာသာ တွေ့မြင်ခဲ့ကြရပါတယ်။ ၂၀၂၁ ခုနှစ် နိုဝင်ဘာလထဲမှာ အမေရိကန် နယူးမက္ကဆီကိုပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း မစ္စတာ ဘီလ် ရစ်ချတ်ဆန် လာခဲ့သလို၊ တချိန်တည်းလောက်မှာပဲ တရုတ်နိုင်ငံက အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ ဆွန်းကော်ရှန်၊ ဂျပန်နိုင်ငံက နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ဆာဆာကာဝါ ယိုဟေးတို့ လာခဲ့ပါတယ်။ ထိုင်းဒုတိယဝန်ကြီးချုပ်နဲ့ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွဒ်ဝိနိုင် နေပြည်တော်ကို နေ့ချင်းပြန်လာခဲ့တာကလည်း ထူးခြားပါတယ်။ ၂၀၂၂ ခုနှစ် နှစ်ဆန်းမှာ အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌဖြစ်လာမယ့် ကမ္ဘောဒီးယားနိုင်ငံရဲ့ ဝန်ကြီးချုပ် ဟွန်ဆန်ကိုယ်တိုင် မြန်မာနိုင်ငံကို လာဖို့ရှိပါတယ်။

အများယူဆချက်က ကမ္ဘောဒီးယား အထူးကိုယ်စားလှယ်အပေါ် တရုတ်ရဲ့ ဩဇာလွှမ်းမိုးမှု ရှိနိုင်တယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။ ဒါပေမဲ့ တရုတ်ရဲ့ရွေးချယ်မှုကို သေချာ မသိနိုင်သေးပါဘူး။ တရုတ်အနေနဲ့ မြန်မာ့အရေး ကိုင်တွယ်ရာမှာ အာဆီယံ အထူးကိုယ်စားလှယ်ကို အားကိုးမလား၊ ဒါမှမဟုတ် ကုလသမဂ္ဂက ခန့်အပ်ခဲ့တဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စ နိုရင်းဟေဇာကိုအားထားမှာလားဆိုတာအသေအချာမသိနိုင်သေးတဲ့

အချက်ဖြစ်ပါတယ်။ ဒီလို နိုင်ငံတကာက ကြားဝင်ဆောင်ရွက်ပေးမှုက မြန်မာလူထုနဲ့ လက်ရှိအကျပ်အတည်းမှာ အဓိက ပါဝင်နေတဲ့ အင်အားစုအသီးသီးရဲ့အသံကို နားထောင် ချင့်တွက်ပြီး ဆောင်ရွက်တာမျိုး မဟုတ်ရင်တော့ ဆေးကြောင့်လေး ဆိုတာမျိုး ဖြစ်သွားနိုင်ပါတယ်။

## ဖြစ်တန်ခြေ အကဲဖြတ်ချက်

၂၀၂၁ ခုနှစ် ဩဂုတ် ၃၀ ရက်မှာ ISP-Myanmar က ထုတ်ဝေခဲ့တဲ့ **မူဝါဒဆိုင်ရာအာဘော် အမှတ်(၂)**ပါ အကြံပြုချက်များနဲ့ ချိန်ထိုးကြည့်ရမယ့် အညွှန်းစနစ်များမှာ ဆွေးနွေးခဲ့သလိုပဲ အာဆီယံ အထူးကိုယ်စားလှယ်သစ်ရဲ့ ဆောင်ရွက်မှုတွေဟာ နိုင်ငံရေးအရ အောင်မြင်မှုကြီးကြီးမားမား ရရှိဖို့ထက်စာရင် ယုံကြည်မှုတည်ဆောက်ရေးကိုပဲ ကနဦး ဆောင်ရွက်နိုင်ပါလိမ့်မယ်။ နိုင်ငံရေးအကျပ်အတည်း ဖြေရှင်းမှုကို ရှေးရှုစေမယ့် အရပ်သားပြည်သူတွေကို အကာအကွယ်ပေးရေး (ကျယ်ကျယ်ပြန့်ပြန့်ပြောရရင် အာဆီယံဘုံသဘောတူညီချက် ငါးရပ်မှာပါတဲ့ အကြမ်းဖက်မှု ချက်ချင်းရပ်တန့်ရေး စတဲ့ လူ့အခွင့်အရေး)နဲ့ လူသားချင်းစာနာမှု အကူအညီပေးရေးကိုပဲ ဦးစားပေးလုပ်နိုင်ဖွယ်ရှိပါတယ်။ အရေးကြီးတာက အာဆီယံ အထူးကိုယ်စားလှယ်သစ်အနေနဲ့ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၊ တရုတ်အထူးကိုယ်စားလှယ်၊ ဂျပန်အထူးကိုယ်စားလှယ် စတဲ့ အထူးကိုယ်စားလှယ်တွေ အားလုံးနဲ့ အချင်းချင်းညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ဖို့လိုသလို မြန်မာလူထုရဲ့အသံကို နားထောင်ပြီး ချိန်ထိုးချင့်တွက် ဆောင်ရွက်ဖို့လည်း အထူးလိုအပ်ပါလိမ့်မယ်။ ■

## စစ်အာဏာသိမ်းပြီးနောက် အာဆီယံ၏ မြန်မာနိုင်ငံအပေါ်တုံ့ပြန်မှု

| | |
|---|---|
| ဖေဖော်ဝါရီ ၁ | အာဆီယံဥက္ကဋ္ဌ၏ ထုတ်ပြန်ချက် ထွက်ရှိ။ |
| ဖေဖော်ဝါရီ ၅ | အာဆီယံ လူ့အခွင့်အရေးကောင်စီ၏ ထုတ်ပြန်ချက် ထွက်ရှိ။ |
| မတ် ၂ | အာဆီယံဝန်ကြီးများ အလွတ်သဘောအစည်းအဝေးပြုလုပ်။ |
| ဧပြီ ၂၄ | အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေး ကျင်းပ၊ ဘုံသဘောတူညီချက် ငါးရပ်ထုတ်ပြန်။ |
| ဇွန် ၄ | အာဆီယံဥက္ကဋ္ဌ ဘရူနိုင်း ဒုတိယနိုင်ငံခြားရေး ဝန်ကြီးနှင့် အာဆီယံအတွင်းရေးမှူးချုပ် မြန်မာနိုင်ငံလာရောက်။ |
| ဩဂုတ် ၄ | ဘရူနိုင်း ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဒါတိုအီရီဝမ်ယူဆော့ဖ်ကို အထူးကိုယ်စားလှယ်အဖြစ် ရွေးချယ်။ |
| အောက်တိုဘာ ၁၂ | အာဆီယံအထူးကိုယ်စားလှယ် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးစဉ်ပျက်။ |
| အောက်တိုဘာ ၂၆ | အာဆီယံထိပ်သီးဆွေးနွေးပွဲသို့ စစ်ကောင်စီဥက္ကဋ္ဌကို တက်ရောက်ခွင့်မပေးခဲ့။ |
| နိုဝင်ဘာ ၂၂ | အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးသို့ စစ်ကောင်စီဥက္ကဋ္ဌ တက်ခွင့်ရရန် တရုတ်ဘက်က ကြိုးပမ်းခဲ့သော်လည်း တက်ရောက်ခွင့် ငြင်းပယ်ခံရ။ |
| ဒီဇင်ဘာ ၁၅ | မြန်မာနိုင်ငံဆိုင်ရာ အာဆီယံ အထူးကိုယ်စားလှယ်အဖြစ် နိုင်ငံခြားရေး ဝန်ကြီး ပရက်ဆုက်ခွန်းအား ခန့်အပ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန် ကြေညာ။ |

## အာဏာသိမ်းပြီးနောက် ကမ္ဘောဒီးယားနိုင်ငံ၏ တုံ့ပြန်မှု ခုနစ်ချက်

၁

**ဖေဖော်ဝါရီ ၁**
အာဏာသိမ်းမှုဖြစ်စဉ်သည် ပြည်တွင်းရေးသာဖြစ်သည်ဟု ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က မှတ်ချက်ပေးခဲ့သည်။

၂

**မတ် ၉**
မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော အကြမ်းဖက်ဖြိုခွင်းမှုများနှင့် လူသေဆုံးမှုများအတွက် စာနာဝမ်းနည်းကြောင်းနှင့် ပုံမှန်အခြေအနေသို့ ပြန်သွားနိုင်ရေးအတွက် အာဆီယံ အခြေခံမူများနှင့် ကူညီသွားမည်ဟု ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက သဘောထား ထုတ်ပြန်ခဲ့သည်။

၃

**ဇွန် ၁၈**
ကုလသမဂ္ဂ အထွေထွေညီလာခံ၌ မြန်မာနိုင်ငံအပေါ် လက်နက်ရောင်းချမှုပိတ်ပင်ရန်အဆိုကို မဲခွဲရာ ကမ္ဘောဒီးယားနိုင်ငံက မဲပေးခြင်းမပြုခဲ့ပေ။

၄

**ဩဂုတ် ၁၇**
ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်ကစစ်ကောင်စီ ဥက္ကဋ္ဌထံ အိတ်ဖွင့်ပေးစာတစောင် ပေးပို့ခဲ့ရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်ရေးအတွက် အမေရိကန်ဒေါ်လာ နှစ်သိန်း လှူဒါန်းခဲ့ပြီး 'နိုင်ငံတော်ခေါင်းဆောင်'ဟု သုံးနှုန်းခဲ့သည်။

၅

**ဒီဇင်ဘာ ၆**
မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်သည့်အတွက် အာဆီယံ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိပြီး လာမည့်နှစ်ဆန်းပိုင်းတွင် နေပြည်တော်သို့သွားရောက်ရန် စီစဉ်ထားသည်ဟု ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က ပြောကြားခဲ့သည်။။

၆

**ဒီဇင်ဘာ ၇**
စစ်ကောင်စီ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်ကို ကမ္ဘောဒီးယားသို့ ဖိတ်ခေါ်ခဲ့ပြီး ထိုခရီးစဉ်၌ ကမ္ဘောဒီးယား ဝန်ကြီးချုပ်ဟွန်ဆန်နှင့် တွေ့ဆုံခဲ့သည်။

၇

**ဒီဇင်ဘာ ၁၅**
ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ်အဖြစ် နိုင်ငံခြားရေးဝန်ကြီး ပရက်ဆုက်ခွန်းအား ခန့်အပ်ကြောင်းကြေညာခဲ့သည်။ နေပြည်တော်သို့လာရောက်မည့် ခရီးစဉ်သည် အာဆီယံ၏ပုံရိပ်ကို မြှင့်တင်နိုင်မည်ဖြစ်သောကြောင့် ၎င်းအား အခွင့်အရေးပေးရန်နှင့် ဝေဖန် အနှောင့်အယှက်မပေးကြရန် သတိပေးတုံ့ပြန်ခဲ့သည်။